ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

# မြန်မာနိုင်ငံ
# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ် စီမံကိန်း
# ( ၂၀၀၇ -၂၀၁၁ )

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

# မြန်မာနိုင်ငံ
# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ် စီမံကိန်း
# ( ၂၀၀၇ -၂၀၁၁ )

---

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၄/၂၀၀၇) ၂၆-၁၂-၂၀၀၇ ၏ သဘောတူခွင့်ပြုချက်အရ ထုတ်ပြန်လိုက်သည်။

---

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | သတင်း | ၁-၃ |
| ၃။ | ရည်မှန်းချက် | ၃ |
| ၄။ | နည်းလမ်း | ၃-၅ |
| ၅။ | မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး | ၅-၇ |
| ၆။ | ကြိုတင်တားဆီးကာကွယ်ရေး | ၇-၁၂ |
| ၇။ | တရားစွဲဆိုရေး | ၁၂-၁၄ |
| ၈။ | လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ရေး | ၁၄-၁၇ |
| ၉။ | စွမ်းရည်မြှင့်တင်ရေး | ၁၇-၁၈ |
| ၁၀။ | အုပ်ချုပ်မှု | ၁၈ |
| ၁၁။ | စွမ်းအားအရင်းအမြစ် | ၁၉ |
| ၁၂။ | ဘဏ္ဍာငွေ | ၁၉ |
| ၁၃။ | ကြီးကြပ်ကွပ်ကဲမှု | ၁၉ |
| ၁၄။ | အစီရင်ခံစာတင်သွင်းခြင်း | ၂၀ |
| ၁၅။ | နိဂုံး | ၂၀ |
| ၁၆။ | နောက်ဆက်တွဲ (က) | ၂၀-၂၉ |

# မြန်မာနိုင်ငံ
# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်း
# (၂၀၀၇-၂၀၁၁)

## နိဒါန်း

၁။ လူကုန်ကူးမှုသည် မိမိအကျိုးစီးပွားအတွက် လူသားအချင်းချင်းကို ကုန်ပစ္စည်းသဖွယ် ရောင်းဝယ်ဖောက်ကား၍ ညှင်းပန်းနှိပ်စက်ခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းဖြင့် လူသားတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာသာမက အသက်ခန္ဓာအပြင် အကျင့်သိက္ခာနှင့် စိတ်ပိုင်းဆိုင်ရာကိုပါ ပြင်းထန်စွာ ထိခိုက်စေပါသည်။ လူကုန်ကူးမှုသည် ယခုအခါတွင် ကမ္ဘာ့နိုင်ငံများစွာကို စိန်ခေါ်နေသည့် နိုင်ငံတကာပြဿနာတစ်ရပ် ဖြစ်လာပါသည်။

၂။ လူကုန်ကူးမှုသည် မြန်မာလူမျိုးတို့ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြား စေသောပြဿနာတစ်ရပ်ဖြစ်သဖြင့် ၁၉၉၇ ခုနှစ်ကစပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ် သတ်မှတ်၍ အလေးအနက်ထား တားဆီးကာကွယ်လျက်ရှိပါသည်။

## သတင်း

၃။ လူကုန်ကူးမှုသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ကမ္ဘာပေါ်တွင် ကျေးကျွန်စနစ်အဖြစ် ရှိခဲ့ပါသည်။ လူကုန်ကူးမှုနှင့် ပတ်သက်သည့် စာရင်းအတိအကျရရှိရန် ခက်ခဲသော်လည်း ကမ္ဘာပေါ်တွင် နှစ်စဉ်အမျိုးသမီးနှင့် ကလေးသူငယ်များ ၁ သန်းမှ ၂ သန်းခန့် အထိ လူကုန်ကူးခံရကြောင်း ခန့်မှန်းချက်အရ သိရှိရပါသည်။

၄။ ထို့အတူ အာရှဒေသတွင်ဖြစ်ပွားသည့် လူကုန်ကူးမှု၏ ၅၄ ရာခိုင်နှုန်းသည် အရှေ့တောင် အာရှနိုင်ငံများတွင် ဖြစ်ပွားကြောင်း၊ အထူးသဖြင့် မဲခေါင်မြစ်ဝှမ်းဒေသရှိနိုင်ငံများသည် လူကုန်ကူးမှုများပြားသည့် ဒေသဖြစ်ကြောင်း United Nations Office on Drugs and Crime (UNODC) ၏ ၂၀၀၅ ခုနှစ် အစီရင်ခံစာအရ သိရှိရပါသည်။

၅။ ထို့ကြောင့် အဆိုပါလူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ ပူးပေါင်းတိုက်ဖျက်ရန်ရည်ရွယ်၍ ကုလသမဂ္ဂသည် ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime- UNCTOC) နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ်များဖြစ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons Especially Women and Children) နှင့် လူမှောင်ခိုမှု တိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ် (Protocol to Combat Smuggling of Migrants by Land, Sea and Air) တို့ကို ပြဋ္ဌာန်းခဲ့ပါသည်။

၆။ အာရှ-ပစိဖိတ်ဒေသနိုင်ငံများအနေနှင့်လည်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရန် ရည်ရွယ်၍ ဘာလီလုပ်ငန်းစဉ်ကို ၂၀၀၂ ခုနှစ်တွင် ချမှတ်ခဲ့ကြပါသည်။ ထို့အတူ အာဆီယံနိုင်ငံများသည် ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲကြေညာချက် ထုတ်ပြန်၍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခဲ့ကြပါသည်။

၇။ မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ်တွင် ဘေကျင်းမြို့၌ ကျင်းပခဲ့သော စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများ ညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့်ဘဝလုံခြုံရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မတီသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်ခဲ့ပါသည်။

၈။ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံများမှဝန်ကြီးများသည် ဒေသအတွင်းလူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရန် ရည်ရွယ်၍ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ Coordinated Mekong Ministerial Initiative against Trafficking in Persons (COMMIT) MoU ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့နောက် ၂၀၀၅ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ကျင်းပခဲ့သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေးမှ ဒေသဆိုင်ရာစီမံကိန်းကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထိုစီမံကိန်းအဖွဲ့ဝင်နိုင်ငံ အသီးသီးမှလည်း နိုင်ငံအလိုက်စီမံကိန်းရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဖော်ပြပါရှိပါသည်။

၉။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ စတင်ပြဋ္ဌာန်းသည့် ၁၃-၉-၂၀၀၅ နေ့မှ ၃၁-၁၂-၂၀၀၇ နေ့အထိ တစ်နိုင်ငံလုံးတွင် ယင်းဥပဒေဖြင့် အမှုပေါင်း ၁၇၉ မှု အရေးယူခဲ့ပါသည်။ ယင်းအမှုများ၌ ပါဝင်ပတ်သက်ခဲ့သူ တရားခံပေါင်း (၄၈၀)ဦးအား တရားစွဲဆိုတင်ပို့အရေးယူခဲ့ပြီး လူကုန်ကူးခံရသူ(၄၇၁)ဦးတို့အား ကယ်တင်နိုင်ခဲ့ပါသည်။ ယင်းအမှုများအနက် ၈၀ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံသို့လည်းကောင်း၊ ၁၅ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံသို့လည်းကောင်း ဦးတည်ပြီး ၅ ရာခိုင်နှုန်းခန့်သည် ပြည်တွင်း လူကုန်ကူးမှုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေး ကနဦးကြိုးပမ်း ဆောင်ရွက်ချက်များကို **နောက်ဆက်တွဲ (က)** ဖြင့် ဖော်ပြအပ်ပါသည်။

## ရည်မှန်းချက်

၁၀။ ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် လူကုန်ကူးမှုပြဿနာ လျော့နည်းပပျောက်ရေးအတွက် ထိရောက်စွာ တားဆီးကာကွယ်ရမည်။

## နည်းလမ်း

၁၁။ **အကြမ်းဖျင်းစီမံချက်**။ အောက်ပါအတိုင်း မဟာဗျူဟာ(၂)ရပ်၊ နည်းဗျူဟာ (၃)ရပ်နှင့် လုပ်ငန်းကဏ္ဍ (၅) ရပ် ချမှတ်ဆောင်ရွက်ပါမည်-

(က) **မဟာဗျူဟာ(၂)ရပ်**

(၁) မြန်မာလူမျိုးတို့၏ တန်ဖိုးထား စောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် တားဆီးကာကွယ် နှိမ်နင်းရမည်၊

(၂) လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရမည်။

(ခ) **နည်းဗျူဟာ(၃)ရပ်**

(၁) လူကုန်ကူးမှုကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်၊

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရန်၊

(၃) နိုင်ငံဖြတ်ကျော်လူကုန်ကူးမှုများ တိုက်ဖျက်ရေးအတွက် ဒေသအတွင်းရှိနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

(ဂ) **လုပ်ငန်းကဏ္ဍ(၅)ရပ်**

(၁) မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ (Policy and Cooperation)

(၂) ကြိုတင်တားဆီးကာကွယ်ရေး၊ (Prevention)

(၃) တရားစွဲဆိုရေး၊ (Prosecution)

(၄) လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး၊ (Protection)

(၅) စွမ်းရည်မြှင့်တင်ရေး။ (Capacity Building )

၁၂။ အထက်ပါလုပ်ငန်းကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူး ကာကွယ်စောင့်ရှောက်ခြင်း၊ ယင်းတို့၏ အခွင့်အရေးနှင့် ဆန္ဒတို့အား အလေးထားခြင်းနှင့် ကဏ္ဍစုံပူးပေါင်းပါဝင်သော နည်းစနစ်ကို ကျင့်သုံးခြင်း စသည့် နိုင်ငံတကာ စံနှုန်းများနှင့် ပြည်တွင်းတည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပါမည်။

၁၃။ **မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး**

(က) နှစ်နိုင်ငံ (သို့မဟုတ်) နိုင်ငံများအကြား သဘောတူစာချုပ်ထားရှိရေးအတွက် အောက်ပါ အတိုင်းဆောင်ရွက်ပါမည်-

(၁) အိမ်နီးချင်းနိုင်ငံများနှင့် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ သဘောတူစာချုပ် (သို့မဟုတ်) နားလည်မှု စာချွန်လွှာချုပ်ဆိုခြင်း၊

(၂) ပြည်ပအလုပ်အကိုင်ဆိုင်ရာ နှစ်နိုင်ငံ သဘောတူစာချုပ်များရေးဆွဲလုပ်ကိုင်ခြင်း၊

(၃) လူကုန်ကူးခံရသူများအား စနစ်တကျလွှဲပြောင်းပေးရေးဆိုင်ရာ နှစ်နိုင်ငံက လက်ခံသော လုပ်ထုံးလုပ်နည်းများညှိနှိုင်း ရေးဆွဲပြဋ္ဌာန်းခြင်း။

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲနှင့် အစည်းအဝေးများတွင်ပါဝင်၍ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊

(၂) မြန်မာနိုင်ငံကလက်ခံထားသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ နောက်ဆက်တွဲစာချုပ်နှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာနှင့် ပူးတွဲကြေညာချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(ဂ) လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်း အောင်မြင်ရေးအတွက် အောက်ပါအတိုင်း ဖွဲ့စည်း ဆောင်ရွက်ပါမည်-

(၁) စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့၊ (National Task Force)

(၂) လေ့လာစိစစ်ရေးအဖွဲ့၊ (Monitoring Team)

(၃) ပြန်လည်ဆန်းစစ်ရေးအဖွဲ့၊ (Evaluation Team)

(၄) သုတေသနအဖွဲ့။ (Research Team)

(ဃ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ဆက်နွယ်သည့် ဥပဒေ/နည်းဥပဒေများ ပြဋ္ဌာန်းရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) သက်သေများအားအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း၊

(၂) အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း၊

(၃) သက်သေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြန်လည်လေ့လာသုံးသပ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်း။

(င) နယ်စပ်ဒေသများတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များတွင် နယ်စပ်ဆက်ဆံရေးရုံး (Border Liaison Office-BLO) များ ထူထောင်ခြင်း၊

(၂) မြန်မာ-တရုတ်နယ်စပ် မူဆယ်နှင့် လွယ်ဂျယ်မြို့များတွင် နယ်စပ်ဆက်ဆံရေးရုံး ထူထောင်ခြင်း၊

(၃) မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့တွင် နယ်စပ်ဆက်ဆံရေးရုံး ထူထောင်ခြင်း။

၁၄။ **ကြိုတင်တားဆီးကာကွယ်ရေး**

(က) အောက်ပါလုပ်ငန်းစဉ်များဖြင့် အသိပညာပေးခြင်း အစီအစဉ်များကို ကျယ်ပြန့်စွာ ဆောင်ရွက်ပါမည်-

(၁) ပြည်သူလူထုအတွင်း ပညာပေးဟောပြောခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အုပ်စုငယ်ဖွဲ့၍ ဆွေးနွေးခြင်း၊

(၂) လူကုန်ကူးမှုဆိုင်ရာသတင်းအချက်အလက်နှင့် အသိပညာများကို တိုင်းရင်းသားဘာသာစကား အမျိုးမျိုးဖြင့် ထုတ်ဝေ၍ မီဒီယာမျိုးစုံမှ ဖြန့်ချိခြင်း၊

(၃) လူကုန်ကူးမှုဖြစ်ပွားရန် အလားအလာများသည့် နေရာဒေသများရှိ ရပ်တည်ရန် ခက်ခဲသူများ (Vulnerable Persons) ကို လူကုန်ကူးမှု အန္တရာယ်နှင့် လူကုန်ကူးသူများ၏ လှည့်စားမှုများကို သိရှိနိုင်ရန် နည်းမျိုးစုံဖြင့် ပညာပေးဆောင်ရွက်ခြင်း၊ (ဥပမာ- စက်ရုံ/အလုပ်ရုံများ၊ စားသောက်ဆိုင်များ)

(၄) အရွယ်မရောက်သေးသောကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ပညာပေး ဟောပြောမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း။

(ခ) ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ရေးကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေခွင့်ရရှိစေခြင်း၊

(၂) အခြေခံပညာသင်ကျောင်းများ၏ တွဲဘက်သင်ရိုးညွှန်းတမ်းများတွင် လူကုန်ကူးမှုနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကို ထည့်သွင်းရေးဆွဲခြင်း၊

(၃) ရပ်တည်ရန်ခက်ခဲသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် ရင်းနှီးငွေ မတည်ပေးခြင်း၊

(၄) ရပ်တည်ရန်ခက်ခဲသူများအား အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများပေးခြင်း၊ အလုပ်အကိုင်နှင့်ပတ်သက်သော အသိပညာဗဟုသုတများပေးခြင်း။

(ဂ) ကျေးလက်နေပြည်သူများ ၊ ကလေးသူငယ်များနှင့် လူကုန်ကူးခံရသူများကိုယ်တိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များတွင် ကလေးသူငယ်များနှင့် လူကုန်ကူးခံရသူများကို မိမိဆန္ဒအရ ပါဝင်စေခြင်း၊

(၂) ကျေးရွာလူထုအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန် လိုအပ်သည့် အကူအညီများနှင့် စွမ်းရည်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်း။

(ဃ) လူကုန်ကူးမှုအန္တရာယ်ကင်းသော တရားဝင်ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခွင့် ရရှိရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) တရားဝင်ခရီးသွားနိုင်ရန်အတွက် ခရီးသွား စာရွက်စာတမ်းများ လွယ်ကူစွာရရှိရေး ဆောင်ရွက်ပေးခြင်း၊ (ဥပမာ- နိုင်ငံကူးလက်မှတ်၊ နိုင်ငံသား စိစစ်ရေးကဒ်ပြား)

(၂) ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများအတွက် တရားဝင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(၃) ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအား ခရီးမသွားမီ ရက်တိုသင်တန်းပေးခြင်းနှင့် သိသင့်သိထိုက်သော သတင်းအချက်အလက်များ ရေးသားထားသည့် စာအုပ်ငယ်များ ပေးအပ်ခြင်း။

(င) ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများအား အလုပ်သမား အခွင့်အရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရရှိရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) လုပ်ငန်းခွင်များတွင် အလုပ်သမားအခွင့်အရေးဆိုင်ရာ စံသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်မှု အခြေအနေ ပုံမှန်စစ်ဆေးခြင်း၊

(၂) ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီများ၊ အဖွဲ့အစည်းများသည် သတ်မှတ်ထားသောစံများအတိုင်း (သို့မဟုတ်) သဘောတူထားသည့်စာချုပ်ပါ အချက်အလက်များအတိုင်း လိုက်နာမှုအခြေအနေ စိစစ်ခြင်း၊

(၃) လက်ခံသည့်နိုင်ငံရှိ အလုပ်သမားဆိုင်ရာ အာဏာပိုင်အဖွဲ့နှင့်ပူးပေါင်းကာ ထိုနိုင်ငံရှိ အလုပ်အကိုင်ရှာဖွေပေးသူ (သို့မဟုတ်) အလုပ်ရှင်များသည် သတ်မှတ်သဘောတူထားသည့် အလုပ်သမားရပိုင်ခွင့်များပေးရေးနှင့်ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းများ မပြုလုပ်ရေးညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၄) ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများအား ကာကွယ်စောင့်ရှောက်အကူအညီပေးနေသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(စ) လူကုန်ကူးမှုဖြစ်ပွားနိုင်ဖွယ်ရှိသော အလုပ်အကိုင်များ၊ အလုပ်ရှင်များနှင့် အခြေအနေများ လျော့နည်းပပျောက်ရန် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) ပြည်သူလူထုအတွင်း လူကုန်ကူးမှု စောင့်ကြည့်ရေးအဖွဲ့ငယ်များထားရှိပြီး သတင်း လက်ဦးမှုရယူ အကာအကွယ်ပေးခြင်း၊

(၂) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတွင် လုပ်ကိုင် နေသူများအား လူကုန်ကူးမှုနှင့် ကလေးသူငယ် လိင်မှုဆိုင်ရာ အလွဲသုံးစား ပြုခံရခြင်းများနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခြင်း၊

(၃) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများတွင် ကလေးသူငယ်များနှင့် အမျိုးသမီးငယ်များအား လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ အလွဲသုံးစားမှု ရှိ/မရှိကို စဉ်ဆက်မပြတ် စစ်ဆေးခြင်း၊

(၄) ကမ္ဘာလှည့်ခရီးသည်များအနက် ကလေးသူငယ် လိင်မှုဆိုင်ရာ ပြစ်မှုကျူးလွန်လေ့ရှိသူများ၏ ပြည်ဝင်ခွင့်ကိုစိစစ်၍ တားမြစ်ခြင်း၊

(၅) မြန်မာနိုင်ငံတွင်လူကုန်ကူးမှုနှင့် ကလေးသူငယ်များအပေါ် လိင်မှုဆိုင်ရာ အလွဲသုံးစားမှုပြုခြင်းကို ကြီးလေးသော ပြစ်ဒဏ်အဖြစ် ပြဋ္ဌာန်းထားကြောင်း ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည်များအား အသိပညာပေးခြင်း။

(ဆ) လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲများ ကျင်းပရေးကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးမှု ဖြစ်ပွားနှုန်းများပြားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေးခြင်း၊

(၂) လူကုန်ကူးမှု တစ်စတစ်စဖြစ်ပွားမှုများလာသည့် ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် လူကုန်ကူးမှု အန္တရာယ် အသိပညာပေးခြင်း၊

(၃) ကျန်ပြည်နယ်နှင့်တိုင်းများတွင်လည်း အခါအားလျော်စွာ လူထုလှုပ်ရှားမှုအသွင်ဖြင့် ကြိုတင်ပညာပေးခြင်း။

(ဇ) ကဏ္ဍပေါင်းစုံဖြင့် လူကုန်ကူးမှု တိုက်ဖျက်နိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်စေခြင်း၊

(၂) လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းကုမ္ပဏီများ၊ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ၊ ဖျော်ဖြေရေးလုပ်ငန်းများ အပါအဝင် ပုဂ္ဂလိကအဖွဲ့အစည်းများ တက်ရောက်နိုင်သည့် နှီးနှောဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ အခါအားလျော်စွာ ကျင်းပခြင်း၊

(၃) လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများသည် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်ခြင်း။

၁၅။ **တရားစွဲဆိုရေး**

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအား ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ဆက်စပ်သော ဥပဒေများဆိုင်ရာ နှီးနှောဖလှယ်ပွဲ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း၊

(၂) နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အခြားလိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။

(ခ) လူကုန်ကူးခံရသူများ စိစစ်သတ်မှတ်ရေးအတွက် အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးခံရသူများစိစစ်သတ်မှတ်ရေးအဖွဲ့ (Victim Identification Mechanism) ထူထောင်ခြင်း၊

(၂) လူကုန်ကူးခံရသူဖြစ်ကြောင်း စိစစ်သတ်မှတ်နိုင်ရေး အတွက် စံနှုန်းများ (Criteria) သတ်မှတ်ခြင်း။

(ဂ) လူကုန်ကူးမှုများအား ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်များ ချမှတ်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးမှုများပြားသည့်မြို့များတွင် လူကုန်ကူး မှုများအား စစ်ဆေးမည့် သီးသန့်တရားရုံးများ ဖွင့်လှစ် ဆောင်ရွက်ခြင်း၊

(၂) လူကုန်ကူးခံရသူများသည် တရားရုံးများ၌ သက်သေခံရာတွင် ယင်းတို့၏ လုံခြုံရေး၊ အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့ကို အကာအကွယ်ပေးခြင်း။

(ဃ) လူကုန်ကူးသူများကို တရားစွဲဆို အပြစ်ပေးရာတွင် နိုင်ငံတကာနှင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ပါမည်-

(၁) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂) တရားခံလွှဲပြောင်းရေးနှင့်ပတ်သက်၍ လက်ရှိ နိုင်ငံတော်၏ ရပ်တည်ချက်နှင့် တည်ဆဲဥပဒေများနှင့်အညီ နှောင့်နှေး ကြန့်ကြာမှုမရှိဘဲ လွှဲပြောင်း/လက်ခံနိုင်ရေး ဆောင်ရွက် ခြင်း။

(င) လူကုန်ကူးခံရသူများ နစ်နာမှုလျော်ကြေး ရရှိရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့်အညီ အောက်ပါ အတိုင်း ဆောင်ရွက်ပါမည်-

(၁) တရားရုံးများသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထား သော ငွေကြေးမှဖြစ်စေ၊ ပစ္စည်းရောင်းရငွေမှဖြစ်စေ၊ ငွေဒဏ် မှဖြစ်စေလူကုန်ကူးခံရသူများသို့ နစ်နာကြေးပေးသည့်အမိန့် ချမှတ်ပေးခြင်း၊

(၂) လူကုန်ကူးခံရသူများ၏ဆုံးရှုံးနစ်နာမှုအတွက် တရားမကြောင်း အရ စွဲဆိုမှုများတွင် လိုအပ်သည့် အကူအညီများပေးခြင်း။

**၁၆။ လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ရေး**

(က) လူကုန်ကူးခံရသူများ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ် များနှင့် လူငယ်များအား ကာကွယ်စောင့်ရှောက်ရေး လုပ်ထုံး လုပ်နည်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးခံရသူများအခွင့်အရေးနှင့်ဆန္ဒကို အလေးထား သော အကာအကွယ်ပေးရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းခြင်း၊

(၂) မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည့် နိုင်ငံခြားသား လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲပြဋ္ဌာန်းခြင်း။

(ခ) လူကုန်ကူးခံရသည်ဟု သံသယရှိသူများနှင့် လူကုန်ကူးခံရသူများအား ထိရောက်စွာ ကာကွယ်ပေးနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးခံရသည်ဟုသံသယရှိသူများကို လူကုန်ကူးခံရသူများ စိစစ်သတ်မှတ်ရေးဆိုင်ရာ စံနှုန်းများနှင့်အညီ ဆောလျင်စွာစိစစ်ဆုံးဖြတ်၍ ကာကွယ်စောင့်ရှောက်မှုများ ပေးခြင်း၊

(၂) လူကုန်ကူးခံရသူများအတွက် ယာယီဂေဟာများ ထူထောင်ခြင်းနှင့် လိုအပ်သည့် အကူအညီများပေးခြင်း၊

(၃) လူကုန်ကူးခံရသူများကို လူကုန်ကူးမှုမှ တိုက်ရိုက်အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော အခြားပြစ်မှုတစ်ရပ်ရပ်နှင့် အရေးယူခြင်းမရှိစေရန် ကြိုးကြပ်ခြင်း။

(ဂ) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် မိသားစုထံပြန်လည် ပေါင်းစည်းပေးရေးတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးခံရသူများကို ယင်းတို့၏နေရပ်သို့ လုံခြုံချောမွေ့ လျင်မြန်စွာ ပို့ဆောင်နိုင်ရန်အတွက် မိသားစု၏အခြေအနေ စုံစမ်းမှုနှင့် နိုင်ငံသားစိစစ်မှုတို့ကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ဆောင်ရွက်ခြင်း၊

(၂) နေရပ်သို့ပြန်လည်ပို့ဆောင်ရန် စနစ်တကျ ကြိုတင်စီစဉ်ခြင်းနှင့် တာဝန်ရှိသူများက အကူအညီပေးခြင်း။

(ဃ) လူကုန်ကူးခံရသူများ၏အခွင့်အရေးနှင့်ဆန္ဒကို အလေးထားသည့် လူမှုရေးနယ်ပယ်သို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(၁) လူကုန်ကူးခံရသူများ၏ဆန္ဒနှင့် လိုအပ်ချက်များအပေါ် မူတည်၍ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခြင်း၊

(၂) လူကုန်ကူးခံရသည့် ကလေးသူငယ်များအား အထူးစောင့်ရှောက်မှုပေးခြင်း၊

(၃) လူကုန်ကူးခံရသူများအား သက်ဆိုင်ရာဘာသာစကားဖြင့် နှစ်သိမ့်ဆွေးနွေးခြင်း၊

(၄) လူကုန်ကူးခံရသူများအားရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့်ပတ်သက်သည့် အထောက်အပံ့များပေးရန်နှင့် ထိုသို့ပေးရာတွင် လိုအပ်သော ဆေးစစ်ခြင်းတို့ကို ယင်းတို့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(၅) လူကုန်ကူးခံရသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းပေးခြင်းများနှင့် အလုပ်အကိုင်နေရာချထားမှုများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၆) လူကုန်ကူးခံရသူများအား သင့်လျော်သောဝင်ငွေရရှိရေးအတွက် ရင်းနှီးမတည်ပေးခြင်း၊

(၇) လူကုန်ကူးခံရသူများထပ်မံ၍ လူကုန်ကူးမခံရစေရေးအတွက် ယင်းတို့၏မိဘ၊ အုပ်ထိန်းသူများအား ပညာပေးခြင်း၊

(စ) လူကုန်ကူးခံရသူများအား ကူညီထောက်ပံ့ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း။

## ၁၇။ စွမ်းရည်မြှင့်တင်ရေး

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ အဆိုပါ နှီးနှောဖလှယ်ပွဲ များတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပါဝင် စေခြင်း၊

(ခ) လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို အခါအားလျော်စွာ ကျင်းပခြင်း၊

(ဂ) ဒေသဆိုင်ရာနှင့် နိုင်ငံတကာ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် သင်တန်းများတွင် ပါဝင်တက်ရောက်စေခြင်း၊

(ဃ) လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နည်းပြအရာရှိသင်တန်း ဖွင့်လှစ်ခြင်း၊

(င) လူကုန်ကူးခံရသူများအား အကူအညီပေးရေးအဖွဲ့အစည်းများ (Victim Support Agencies) မှ ပုဂ္ဂိုလ်များအား လိုအပ်သည့် ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများပေးခြင်း၊

(စ) လူကုန်ကူးခံရသူများအား ယင်းတို့၏ဆန္ဒအရ ကြိုတင် တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်နိုင်သည်အထိ စွမ်းရည်မြှင့်တင်ပေးခြင်း၊

(ဆ) ရဲအရာရှိများ၊ ဥပဒေအရာရှိများနှင့် တရားသူကြီးများအား သီးသန့်ကျွမ်းကျင်မှုသင်တန်းများပေးခြင်း၊

(ဇ) နယ်စပ်ဒေသတွင်တာဝန်ထမ်းဆောင်သော တားဆီးနှိမ်နင်းရေးအရာရှိများကို လူကုန်ကူးခံရသူဖြစ်ကြောင်း စိစစ်သတ်မှတ်ရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများပေးခြင်း၊

## အုပ်ချုပ်မှု

၁၈။ **စီမံကိန်းကာလ**။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ် စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိသတ်မှတ်၍ အောက်ပါပြက္ခဒိန်နှစ်အလိုက် စီမံချက်များရေးဆွဲ ဆောင်ရွက်ပါမည်-

(က) ပထမနှစ်စီမံကိန်း (၂၀၀၇)

(ခ) ဒုတိယနှစ်စီမံကိန်း (၂၀၀၈)

(ဂ) တတိယနှစ်စီမံကိန်း (၂၀၀၉)

(ဃ) စတုတ္ထနှစ်စီမံကိန်း (၂၀၁၀)

(င) ပဉ္စမနှစ်စီမံကိန်း (၂၀၁၁)

၁၉။ **စွမ်းအားအရင်းအမြစ်**။ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ UNIAP[၁/-], UNICEF[၂/-] , UNODC[၃/-], ARTIP[၄/-], IOM[၅/-], WVM[၆/-], SCM[၇/], AFXB[၈/-] စသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ထည့်ဝင်သောငွေကြေး၊ ပစ္စည်းနှင့်နည်းပညာ အကူအညီများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

၂၀။ **ဘဏ္ဍာငွေ**။ နှစ်အလိုက် လိုအပ်သောဘဏ္ဍာငွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက အစိုးရအဖွဲ့သို့ တင်ပြတောင်းခံဆောင်ရွက်ပါမည်။

၂၁။ **ကြီးကြပ်ကွပ်ကဲမှု**။ အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် စီမံကိန်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုများအပေါ် လမ်းညွှန်မှုများ၊ မူဝါဒများ ချမှတ်ဆောင်ရွက်ပါမည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်သည့် စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့သည် စီမံကိန်းလုပ်ငန်းများ အချိန်နှင့်တပြေးညီ ပြီးစီးအောင်မြင်ရေး ကြီးကြပ်ကွပ်ကဲ ပါမည်။

(ဂ) စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့သည် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်အဆင့်ဆင့်တွင် ဖွဲ့စည်းထားသော လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များအား ကြီးကြပ်ကွပ်ကဲပါမည်။

---

၁။ United Nations Inter-Agency Project on Human Trafficking in Greater Mekong Sub-region (UNIAP)
၂။ United Nations Children 's Fund (UNICEF)
၃။ United Nations Office on Drugs and Crime (UNODC)
၄။ Asia Regional Trafficking in Persons (ARTIP)
၅။ International Organization for Migration (IOM)
၆။ World Vision Myanmar (WVM)
၇။ Save the Children Myanmar (SCM)
၈။ Association Francois-Xavier Bagnoud (AFXB)

## အစီရင်ခံစာတင်သွင်းခြင်း

၂၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်သည့် စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ (National Task Force) သည် စီမံကိန်း တိုးတက်မှု အခြေအနေနှင့် သုံးသပ်ချက်အစီရင်ခံစာကို (၄) လတစ်ကြိမ် လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့သို့ တင်ပြပါမည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် (၆) လ တစ်ကြိမ် အစိုးရအဖွဲ့သို့ တင်ပြပါမည်။

## နိဂုံး

၂၃။ အထက်တွင်ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် မိမိတို့၏ စွမ်းအားအရင်းအမြစ်များအပြင် နိုင်ငံတကာနှင့် ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ဤစီမံကိန်းတွင် လက်ရှိနိုင်ငံတကာမှကျင့်သုံးသော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များအနက် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လိုက်လျော ညီထွေမှုရှိသော လုပ်ငန်း အစီအစဉ်များကို ထည့်သွင်းထားရှိပါသဖြင့် ထိရောက်သော အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ပါသည်။

၂၄။ လူကုန်ကူးမှုပြဿနာကို နိုင်ငံတစ်နိုင်ငံတည်းဖြင့် ဖြေရှင်း၍ မရနိုင်သောကြောင့် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်းတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက တိုးမြှင့်ပူးပေါင်းပါဝင်ကူညီရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ဤလူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း အောင်မြင်ရေးကို နိုင်ငံတော်အနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြင့် အကောင်အထည်ဖော်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာနှင့်လည်း ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် တက်ကြွစွာပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ(က)**

## မြန်မာနိုင်ငံ
## လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကနဦးကြိုးပမ်းဆောင်ရွက်ချက်များ

၁။ **အခြေခံမူဘောင်။** မြန်မာနိုင်ငံသည် လူကုန်ကူးမှုပြဿနာကို လူသားများအား စိန်ခေါ်နေသည့် ကြီးမားသောပြဿနာအဖြစ် ရှုမြင်ပါသည်။ သို့ဖြစ်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ပြည်တွင်းဥပဒေ ပြဋ္ဌာန်းခြင်း၊ အမျိုးသား အဆင့်စီမံကိန်း ရေးဆွဲပြဋ္ဌာန်းခြင်း ၊ ခိုင်မာသော သန္ဓိဋ္ဌာန်ချခြင်း၊ နှစ်နိုင်ငံ၊ ဒေသ အတွင်းရှိ နိုင်ငံအများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် အခြေခံမူဘောင်များ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ **မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဖွဲ့စည်းခြင်း။** ၁၉၉၅ ခုနှစ်တွင် ဘေဂျင်း ညီလာခံကြီးမှချမှတ်လိုက်သည့် အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ၃-၇-၁၉၉၆ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် အဆင့်ဆင့်သော လုပ်ငန်း ကော်မတီများကို ၇-၁၀-၁၉၉၆ ရက်နေ့တွင် လည်းကောင်း ဖွဲ့စည်းဆောင်ရွက် ခဲ့ပါသည်။

၃။ **အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းရေးဆွဲပြဋ္ဌာန်းခြင်း။** မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီသည် ၁၉၉၇ ခုနှစ်တွင် ကြိုတင်ကာကွယ် ရေးလုပ်ငန်း၊ ဥပဒေအရအရေးယူရေးလုပ်ငန်း၊ အကာအကွယ်ပေးရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကဏ္ဍများ ပါဝင်သည့် အမျိုးသားအဆင့်လုပ်ငန်း စီမံကိန်းကို ရေးဆွဲခဲ့ပါသည်။

၄။ **UNIAP နှင့်ပူးပေါင်းဆောင်ရွက်ခြင်း။** ၂၀၀၁ ခုနှစ်တွင် မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် UNIAP တို့ပူးပေါင်းပြီး အစိုးရ ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော နယ်လှည့်သင်တန်းပေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့သည် လူကုန်ကူးမှုကို ကိုင်တွယ်ရသည့်ပုဂ္ဂိုလ်များအား လေ့ကျင့်ပေးလျက်ရှိရာ ပြည်နယ်/တိုင်းများတွင်

သင်တန်းသား (၅၀၀) ကျော်ကို သင်တန်းပေးပြီး ဖြစ်ပါသည်။ အသုံးပြုမည့် သင်တန်း လက်စွဲစာအုပ်ကိုလည်း ထုတ်ဝေဖြန့်ဖြူး နိုင်ခဲ့ပါသည်။

၅။ **ပြည်ပသို့ တရားမဝင်သွားရောက်မှု ကြီးကြပ်ရေး ဗဟိုကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းခြင်း။** မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ လူကုန်ကူးမှု ပြုလုပ်လျက် ရှိကြောင်း စိစစ်လေ့လာတွေ့ရှိရသဖြင့် ၂၃-၉-၂၀၀၁ ရက်နေ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်သည့် ပြည်ပနိုင်ငံများသို့ တရားမဝင် သွားရောက်မှု ကြီးကြပ်ရေးဗဟို ကွပ်ကဲမှုအဖွဲ့နှင့် အဆင့်ဆင့်သောအဖွဲ့များကို ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ကွပ်ကဲမှုအဖွဲ့သည် ပညာပေးခြင်း၊ တားဆီးခြင်း၊ ဥပဒေအရ အရေးယူခြင်း တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ စတင်ဖွဲ့စည်းသည့်နေ့မှ ၃၁-၁၂-၂၀၀၇ ရက်နေ့အထိ (၁၀၁၀၆၀၅)ဦးကို ပညာပေးဟောပြောနိုင်ခဲ့ပြီး၊ (၂၂၇၃၀)ဦးကို တားဆီး၍ မိဘရပ်ထံပြန်လည်အပ်နှံကာ တရားခံ (၂၄၄၄) ဦး တို့အား ဥပဒေအရ အရေးယူ နိုင်ခဲ့ပါသည်။

၆။ **မြဝတီပြန်လည်လက်ခံရေးစခန်း ဖွင့်လှစ်ခြင်း။** လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့်လည်းကောင်း၊ မိမိတို့၏ သဘောဆန္ဒအရ သော်လည်းကောင်း၊ အခြားသောအကြောင်း အမျိုးမျိုးကြောင့်သော်လည်းကောင်း၊ ရွှေ့ပြောင်းသွားလာခြင်းဖြင့် ပြည်ပနိုင်ငံများသို့ တရားမဝင် ရောက်ရှိ၍ ဘေးဒုက္ခ ကြုံတွေ့နေသော မြန်မာနိုင်ငံသားများအား ဘေးမသီရန်မခဘဲ ပြန်လည် ဝင်ရောက် လာနိုင်ရေးအတွက် ၁၈-၂-၂၀၀၂ ရက်နေ့တွင် မြဝတီပြန်လည်လက်ခံရေးစခန်းကို ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ ပြန်လည်လက်ခံရေးစခန်းကို ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန စသည့် ဝန်ကြီးဌာန (၆)ခုမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ပါသည်။ စတင်ဖွင့်လှစ်သည့်နေ့မှ ၃၁-၁၂-၂၀၀၇ ရက်နေ့အထိ ကျား (၁၇၉၆၇)ဦး၊ မ(၆၅၂၂)ဦး၊ ကလေး(၁၉)ဦး ၊ စုစုပေါင်း (၂၄၅၀၈)ဦးကို ပြန်လည်လက်ခံ၍ မိသားစုထံပြန်လည် ပို့ဆောင် အပ်နှံခဲ့ပါသည်။

၇။ **ပြည်ပနိုင်ငံများမှ လွှဲပြောင်းပေးသည့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်း။** ၁၉၉၂ ခုနှစ်မှစ၍ ၂၀၀၇ ခုနှစ်အထိ ထိုင်းနိုင်ငံမှ (၁၇၆)ဦး၊ တရုတ်နိုင်ငံမှ (၁၁၆)ဦး ၊ မလေးရှားနိုင်ငံမှ (၄၅)ဦး၊ ဂျပန်နိုင်ငံမှ (၁၁)ဦး၊ စင်္ကာပူနိုင်ငံမှ

(၁)ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ (၁)ဦး၊ မကာအို (တရုတ်နိုင်ငံ) မှ (၈)ဦးနှင့် ထိုင်ဝမ် (တရုတ်နိုင်ငံ) မှ (၃)ဦး ၊ စုစုပေါင်း လူကုန်ကူးခံရသူ (၃၆၁) ဦးတို့အား လွှဲပြောင်း/ လက်ခံခဲ့ပါသည်။

၈။ **လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း။** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးမှု တားဆီး ကာကွယ်ရေးလုပ်ငန်းကော်မတီကို ၁၇-၇-၂၀၀၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အဆင့်ဆင့် သောလုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မတီသည် လူကုန်ကူးသူများကို ဖော်ထုတ်၍ ထိရောက်သော ပြစ်ဒဏ် ချမှတ်ခြင်းနှင့် လူကုန်ကူးခံရသူများအား နိုင်ငံတကာ စံနှုန်းနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၉။ **လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲကျင်းပခြင်း။** မြန်မာနိုင်ငံတွင် ပထမ ဦးဆုံးသော လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ (National Seminar) ကို ၂၀၀၃ ခုနှစ် မေလ ၂၅-၂၆ ရက်နေ့များတွင် ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ UNIAP, UNICEF နှင့် Save the Children စသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲမှ အရေးပါသော အကြံပြုချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၁၀။ **မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခြင်း။** မြန်မာ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ၊ အမျိုးသမီးများဘဝ လုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်သည် အစိုးရဌာနများ ၊ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ **လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ ဖွဲ့စည်းခြင်း။** ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့သော နားလည်မှု စာချွန်လွှာအရ အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးစီမံကိန်း (Asia Regional Cooperation to Prevent People Trafficking -ARCPPT) က လေ့ကျင့်ပေးသည့် ရဲအရာရှိ ၄၀ ဦးပါဝင်သော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ကို ၂၀၀၄ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၀၆ - ၂၀၀၇ ခုနှစ် အထိ ရန်ကုန် ၊ မန္တလေး ၊ ဗန်းမော် ၊ ကလေး ၊ မူဆယ် ၊ တာချီလိတ်၊ မြဝတီ၊ မော်လမြိုင်၊ ကော့သောင်း၊ မြစ်ကြီးနား ၊ ကျိုင်းတုံ ၊ တောင်ကြီး၊ လားရှိုး၊ မြိတ်၊ မိတ္ထီလာ၊ မကွေး၊ မောင်တော နှင့် ပဲခူးမြို့ စသည့် (၁၈) မြို့တို့တွင် အထူးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

၁၂။ **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းခြင်း။** လူကုန်ကူးသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်နှင့် လူကုန်ကူးခံရသူများကို ထိရောက်သော ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်၍ သီးခြား ဥပဒေပြဋ္ဌာန်းရေးအတွက် ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် ဥပဒေလေ့လာသုံးသပ်ရေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းလုပ်ငန်းအဖွဲ့က ရေးဆွဲထားသည့် ဥပဒေမူကြမ်းကို ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများနှင့် ဥပဒေပညာရှင်များအား ဖိတ်ခေါ်၍ ဥပဒေမူကြမ်းလေ့လာသုံးသပ်သည့် ဆွေးနွေးပွဲတစ်ခုကို ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ခဲ့ပါသည်။ ယင်းနောက် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

၁၃။ **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ နှင့်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း။** လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေး ဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းအဖွဲ့များနှင့် အဆင့်ဆင့်သောလုပ်ငန်းအဖွဲ့များကို ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် လည်းကောင်း ဖွဲ့စည်းခဲ့ပါသည်။

၁၄။ **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ကျင်းပခြင်း။** လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြည်သူလူထုနှင့်တာဝန်ရှိပုဂ္ဂိုလ်များ ပိုမိုသိရှိစေရန် ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန်နှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား ပေါင်းစပ် ညှိနှိုင်းမှုပိုမိုရရှိရန် ရည်ရွယ်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အမျိုးသား အဆင့်နှီးနှောဖလှယ်ပွဲကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် UNIAP တို့ပူးပေါင်း၍ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့နှင့် မတ်လ ၁ ရက်နေ့များတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ အလားတူ ပြည်နယ်နှင့်တိုင်းမြို့ကြီးများတွင်လည်း အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၅။ **လူကုန်ကူးမှုနှင့်ဆက်စပ်သည့် တည်ဆဲဥပဒေများ။** မြန်မာနိုင်ငံရှိ လူကုန်ကူးမှုနှင့်ဆက်နွယ်သည့် တည်ဆဲဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၁၈၆၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာဥပဒေ၊

(ခ) ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊

(ဂ) ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ၊

(ဃ) ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ၊

(င) ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ၊

(စ) ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊

(ဆ) ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ၊

(ဇ) ၂၀၀၃ ခုနှစ်၊ သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေ၊

(ဈ)　၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ၊

(ည)　၂၀၀၄ ခုနှစ် ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများဆိုင်ရာဥပဒေ၊

၁၆။　**အဓမ္မလုပ်အားစေခိုင်းမှု တားဆီးကာကွယ်ရေးဆောင်ရွက်ချက်များ။** မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ILO အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ အဓမ္မလုပ်အား စေခိုင်းမှုဆိုင်ရာ ကွန်ဗင်းရှင်း အမှတ်(၂၉) အပါအဝင် ILO ဆိုင်ရာကွန်ဗင်းရှင်းပေါင်း (၁၉)ခုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။ထို့အပြင် အဓမ္မလုပ်အားစေခိုင်းမှု တားမြစ်သည့်အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်ထဲရေး ဝန်ကြီးဌာနက အမိန့်အမှတ်(၁/၉၉) ဖြင့် ၁၄-၅-၁၉၉၉ ရက်နေ့တွင်လည်းကောင်း၊ နောက်ဆက်တွဲအမိန့်ကို ၂၇-၁၀-၂၀၀၀ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ ပါသည်။ အဆိုပါ အမိန့်နှင့်ညွှန်ကြားချက်သည် ဝန်ကြီးဌာနများသာမက ဒေသခံ အာဏာပိုင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများလည်း အကျုံးဝင်စေပါသည်။ ထိုတားမြစ်သည့် အမိန့်များကို တိုင်းရင်းသား ဘာသာစကားများဖြင့် ပုံနှိပ်၍ မြို့ရွာပေါင်း ၆၃၀၀၀ သို့ဖြန့်ဝေပေးခဲ့ပါသည်။ ထို့အပြင် တိုင်းနှင့် ပြည်နယ်များရှိ ခရိုင် ၆၆ ခရိုင်၊ မြို့နယ် ၃၂၅ မြို့နယ် ၊ ရပ်ကွက်/ကျေးရွာအုပ်စု ၁၆၄၈၂ ခုတို့၌ ပညာပေး ဟောပြောခဲ့ရာ တက်ရောက်သူပေါင်း ၂၆၃၄၂၇ ဦး ရှိခဲ့ပါသည်။ အဆိုပါ အမိန့်နှင့် ညွှန်ကြားချက် ချိုးဖေါက်သည့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများမှ ဥက္ကဋ္ဌအချို့ကိုလည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၄ အရ တရားစွဲဆို၍ ထောင်ဒဏ်အသီးသီးချမှတ်ခဲ့ပါသည်။ အဓမ္မလုပ်အားစေခိုင်းမှုနှင့် စပ်လျဉ်း၍ တိုင်ကြားချက် များကို လက်ခံဆောင်ရွက်နိုင်ရန် ယန္တရားတစ်ရပ် ဖြစ်မြောက်ရေးဆိုင်ရာ Supplementary Understanding ကို ဂျီနီဗာအခြေစိုက် မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ သံအမတ်ကြီးနှင့် ILO အဖွဲ့မှတာဝန်ရှိသူတို့သည် ၂၆-၂-၂၀၀၇ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။

၁၇။　**အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးဆောင်ရွက်မှု။**　အရွယ်မရောက်သေးသူ ကလေးသူငယ် များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို ၅-၁-၂၀၀၄ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်မှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါကော်မတီသည် အရွယ်မရောက်သေးသူ ကလေးသူငယ်

များအား စစ်မှုထမ်းအဖြစ် စုဆောင်းခြင်းကို ဟန့်တားကာကွယ်ရန် ၊ ယင်းတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန်နှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ တိကျစွာလိုက်နာရန် ဟူသော ဦးတည်ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အပြင် အထက်ပါကော်မတီ၏ လုပ်ငန်း တာဝန်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းကော်မတီကိုလည်း ၁၀-၂-၂၀၀၆ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်အင်အားဖြည့်တင်းရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးမှ ဥက္ကဋ္ဌအဖြစ် ဦးစီးပါဝင်သည့် လုပ်ငန်းကော်မတီကို ထပ်မံဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော်လျှက်ရှိပါသည်။

၁၈။ **အာရှ-ပစိဖိတ်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။** ၂၀၀၂ ခုနှစ်တွင် ဩစတြေးလျနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဦးဆောင်၍ အာရှ-ပစိဖိတ်ဒေသမှ နိုင်ငံများပါဝင်သည့် ဘာလီလုပ်ငန်းစဉ် (Bali Process) ကို ချမှတ်ပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ထိုဘာလီလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံသည် တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိပါသည်။

၁၉။ **အာရှဒေသအတွင်းလူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်း (Asia Regional Cooperation to Prevent People Trafficking- ARCPPT) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ပါဝင်သော အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးစီမံကိန်းကို ဩစတြေးလျနိုင်ငံနှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

၂၀။ **အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် လာအိုနိုင်ငံ၌ ကျင်းပသော အာဆီယံထိပ်သီးညီလာခံက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာအာဆီယံ ပူးတွဲကြေငြာချက်ကို ထုတ်ပြန်ခဲ့ပါသည်။ ထိုပြဌာန်းချက်များကိုလည်း အလေးအနက်ထား၍ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၁။ **BIMSTEC အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** ၁၉၉၇ ခုနှစ်၌ ဖွဲ့စည်းခဲ့သည့် Bay of Bengal Initiative on Multi-Sectoral Technical and Economic Cooperation (BIMSTEC) တွင် မြန်မာနိုင်ငံအပါအဝင် ဘင်္ဂလားဒေ့ရှ် အိန္ဒိယ ၊ သီရိလင်္ကာ ၊ ထိုင်း ၊ ဘူတန် နှင့် နီပေါနိုင်ငံတို့သည် အဖွဲ့ဝင် အဖြစ်ပါဝင်ပြီး ၂၀၀၄ ခုနှစ်မှစ၍ လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

၂၂။ **နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း နှင့် နောက်ဆက်တွဲ စာချုပ်များတွင် ဝင်ရောက်ခြင်း။** မြန်မာနိုင်ငံ သည် ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် အောက်ဖော်ပြပါ ကုလသမဂ္ဂ ကွန်ဗင်းရှင်း နှင့် နောက်ဆက်တွဲစာချုပ်တို့အား လက်မှတ်ရေးထိုး၍ အဖွဲ့ဝင်နိုင်ငံ အဖြစ် ဝင်ရောက်ခဲ့ပါသည်-

(က) နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ (United Nations Convention against Transnational Organized Crime- CTOC)

(ခ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ နောက်ဆက်တွဲ စာချုပ်၊ (Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)

(ဂ) ကုန်းကြောင်း ၊ ရေကြောင်းနှင့်လေကြောင်းဖြင့် လူမှောင်ခိုမှုတားဆီး ကာကွယ်ရေး နောက်ဆက်တွဲစာချုပ်။ (Protocol against the Smuggling of Migrants by Land, Air and Sea)

၂၃။ **မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံများလူကုန်ကူးမှု ပူးပေါင်း တိုက်ဖျက်ရေး စီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Coordinated Mekong Ministerial Initiative against Trafficking - COMMIT)** မဲခေါင်မြစ်ဝှမ်း ဒေသအတွင်းရှိနိုင်ငံ(၆)နိုင်ငံမှ ဝန်ကြီးများသည် လူကုန်ကူးမှုပူးပေါင်း တိုက်ဖျက်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ သဘောတူလက်မှတ် ရေးထိုးခဲ့ကြပါသည်။ ထို့ပြင် ၂၀၀၅ ခုနှစ် မတ်လ တွင် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အဆင့်မြင့်

အရာရှိကြီးများ အစည်းအဝေးတွင် Sub-regional Plan of Action (SPA) ကို အပြီးသတ်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အဖွဲ့ဝင်နိုင်ငံ အသီးသီးမှ အကောင်အထည်ဖော်လျက်ရှိပါသည်။

၂၄။ **လူကုန်ကူးမှုနှင့်ဆက်နွယ်သော အပြည်ပြည်ဆိုင်ရာစာချုပ်များတွင်ပါဝင်ခြင်း။** မြန်မာနိုင်ငံသည် အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာစာချုပ်များတွင် ဝင်ရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်-

(က) ကလေးသူငယ်များအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း၊ (Convention on the Rights of the Child-CRC)

(ခ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်း၊ (Convention on the Elimination of all forms of Discrimination Against Women -CEDAW)

(ဂ) အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်-၂၉၊ (Convention concerning Forced or Compulsory Labour - ILO No.29)

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း။ (United Nations Convention Against Corruption) (Signed)